# အိမ်မြောင်လျှောင်အိမ် ၃၇

တိုက်အဖြူဖက်က ပြန်လမ်းလျှောက်လာတဲ့ ကောင်လေးရဲ့လက်ထဲမှာ တေဇ စားပြီးသား လင်ဗန်းအလွတ်ကိုကိုင်ထားတယ်။ စားကောင်းသောက်ဖွယ်တွေကို သိုင်းလွယ်ထားတဲ့ သူ့လွယ်အိတ်က နည်းနည်းလေးနေတယ်။ လမ်းလျှောက်နေတဲ့ သူ့ကိုတဒုတ်ဒုတ်နှင့် ရိုက်နေသလိုဖြစ်နေတယ်။ ပုဆိုးထဲမှာဝှက်ထားတဲ့ ငါးခြောက်ကို သေသေချာချာ ပြန်စစ်ပြီး လုံချည်ကို ပြန်ပြင်ဝတ်လိုက်တယ်။

ဘောလ်ပင်ကို သေသေချာချာ ထိန်းသိမ်းထားဖို့အရေးကြီးတယ်။ ကောင်လေး လည်း စဉ်းစားနေတယ်။ ဒီလို ကိစ္စတွေရှိနေရင် လူတွေဟာ သူတို့အားထားတဲ့နတ်တွေကို စားစရာတွေ၊ ပန်းတွေ၊ ဖယောင်းတိုင်တွေနှင့် ကန်တော့ပြီး အကူအညီတောင်းတတ်တယ်။ ကောင်လေးလည်း နတ်ကသူ့ကိုကူညီမယ်လို့ ယူဆထားတယ်။ ဖိုကြီးနှင့်ဆေးရုံအကြားမှာ ဗုဒ္ဓဘာသာ ဘုရားစင်ရှိတယ်။ တေဇရဲ့ထမင်းပန်းကန်ကို ဆေးရမယ်ဆိုတာသိတယ်။ ဒါပေမဲ့ ဘုရားစင်ရှေ့ရောက်တော့ ကောင်လေး ခဏရပ်သွားတယ်။

ကောင်လေးစဉ်းစားနေတယ်။ သူဟာနတ်ကို အကူအညီတောင်းစရာရှိတယ်။ နတ်ကို သူအညီတောင်းနိုင်ရင် ဘုရားကို အရင်အကူအညီတောင်းတာ ပိုကောင်းတယ်။ အမွှေးတိုင်မီးခိုးတွေဟာ အပေါ်ကို တက်ရင်းတက်ရင်း ပျောက်ကွယ်သွားပြီ။ ဝါဒါတ ယောက်ဟာ ကောင်လေးဘေးကနေ လိမ္မော်သီးနှင့် သောက်တော်ရေကို ဘုရားကို ကပ်နေတယ်။ အသီးတွေကို ပေါင်ပေါ်ကိုတင်ထားတာကို မြင်ပြီး ကောင်လေးစိတ်ထဲမှာ သတိရလိုက်တယ်။ ဘုရားထိုင်နေတဲ့ပုံဟာ ကချေသည်တယောက် လှလှပပ ထိုင်နေတဲ့ ပုံနှင့်တူတယ်။

အခုချိန် ကောင်လေးနံဘေးမှာ ထောင်ကျအကျဉ်းသား ၂၀ယောက်လောက် ရှိတယ်။ အများအားဖြင့် ခြေထောက်ချိတ်ထိုင်ပြီး တရားမှတ်နေကြတာများတယ်။ ၂ယောက်သော အကျဉ်းသားဟာ စိပ်ပုတီးတချောက်ချောက်နှင့် စိပ်နေတယ်။ ကောင် လေးဟာ အကျဉ်းသားတွေရှေ့မှာ ဘုရားကို ဦးသုံးကြိမ်ချလိုက်တယ်။ ဒါပေမဲ့ စိတ်ကူးထဲမှာပါ။ ဘယ်လို ဦးသုံးကြိမ်ချရတယ်ဆိုတာ ကောင်လေးသိတယ်။ မြင်လည်းမြင် ဘူးတယ်။ တေဇဘုရားရှိခိုးတာ အကြိမ်ကြိမ်တွေ့ဘူးထားတယ်။

ကောင်လေးဟာ ဘုရားရဲ့ပါးစပ်ကို ထောင်ပေါင်းများစွာ စိုက်ကြည့်ဖူးတယ်။ ဘယ်တော့ဘုရားဆီက စကားကြားရမလည်း။ ဘုရားဟာ ပြုံးပြီးကြည့်နေတယ်။ ဘုရားရဲ့ နှုတ်ခမ်းတော်ဟာ နည်းနည်းလေးအပေါ်ကို တက်နေတယ်။ ကောင်လေးစိတ်ထဲမှာ ဘုရားဟာ လျှို့ဝှက်သိမ်းထားတဲ့ ဘောလ်ပင်နေရာကို သိထားပုံဖြစ်နေတယ်။ ကောင်လေး ဟာ ဘယ်သူ့မှ မပြောပြဘူးလို့ စိတ်ထဲမှာ ဆုံးဖြတ်ထားတယ်။

ဘုရားကို စိုက်ကြည့်ရင်းခေါင်းကို သုံးကြိမ်ငြိတ်လိုက်တယ်။ သုံးကြိမ်ခေါင်းငြိတ်ပြတာဟာ စိတ်ထဲကတောင်းပန်တဲ့သဘော။

"ဘာဖြစ်လို့ တခြားလူတွေလို ဒူးထောက်ပြီး ဦးသုံးကြိမ်မချတာလဲ?။" ဘယ်တုန်းက နောက်မှာရှိနေသလဲမသိဘူး။ ကိုစိန်ယုံရဲ့ ငှက်ဆိုးထိုးသံကြီးကို ကြားလိုက်ရတယ်။ ကောင်လေး လန့်သွားပြီးလက်ထဲက တေဇစားပြီးလို့ သိမ်းလာတဲ့လင်ဗန်းဟာ ကြမ်းပြင်ပေါ် ပြုတ်ကျသွားတယ်။ သံပန်းကန်ကျသွားလို့ ဘုရားအာရုံပြုနေတဲ့ လူတွေအားလုံးကောင်လေးကို စိတ်ဆိုးစွာဝိုင်းကြည့်နေကြတယ်။ ကိုစိန်ယုံဟာ သူ့ရဲ့အဝါရောင်သန်းနေတဲ့လက်ဖဝါးနှင့်လက်ပြကာ ထောင်ကျအကျဉ်းသားများကို တောင်းပန်လိုက်တယ်။ ကောင်လေးကြောက်ရွံ့စွာနှင့်ပန်းကန်ပြားကို ကောက်ပြီးနောက်ကို ခြေသုံးလှမ်းလောက် နောက်ဆုတ်လိုက်တယ်။

ကိုစိန်ယုံကဘုရားရှေ့မှာ ဒူးထောက်ချလိုက်တယ်။ ကောင်လေး ဒီမှာဆက်နေလိုချင်စိတ် မရှိတော့ဘူး။ ဘုရားကိုကြည့်လိုက်တော့ ဘုရားက ကောင်လေးကိုစိုက် ကြည့်နေရင်း **"ဒီမှာမနေနဲ့တော့"**သတိပေးသံ တိုးတိုးလေး ကြားလိုက်တယ်။

ကိုစိန်ယုံနှင့်ကောင်လေး နီးနီးကပ်ကပ်ဖြစ်သွားတယ်။ ကိုစိန်ယုံဟာ ကောင်လေးအနားကို တခါမှ နီးနီးကပ်ကပ်မနေဖူးဘူး။ ကိုစိန်ယုံရဲ့ အဝါရောင်အသွားအရေ၊ ကွမ်းယာစားထားလို့ နီရဲနေတဲ့ပါးစပ်ကို အနီးကပ်မြင်ရတယ်။ ကိုစိန်ယုံက ကောင်လေးကို လက်ပြနှုတ်ဆက်လိုက်တယ်။ ညစ်ပတ်နေတဲ့ လက်သည်းရှည်ရှည်ကြီးတွေကို ကြည့်ရတာတော်တော် ကြောက်စရာကောင်းတယ်။ ကိုစိန်ယုံက မဲနေတဲ့သွားတွေပေါ်အောင် ပြုံးလိုက်တယ်။

**"ဟေ့ကောင်လေး ငါ့ကို ဒီလိုဘဲစိုက်ကြည့်နေတော့မလား။?"** ကောင်လေးက

**"တောင်းပန်ပါတယ်။ ကျနော် မေ့သွားတယ်။"**

ကိုစိန်ယုံက **" တကယ်ကြည့်ရမှာက လာဘရှိတဲ့ နတ်ကွန်းကို ကြည့်နေတာ ပိုကောင်းတယ်။ လာ ငါတို့အတူတူရှိခိုးကြရအောင်။"** ကောင်လေးဟာ ဖိတ်ခေါ်ချက်ကို အံ့သြသွားတယ်။ ကောင်လေးဘဝမှာ ဘယ်သူမှ ဘုရားရှိခိုးဖို့ မဖိတ်ခေါ်ဖူးဘူး။ သင်လည်း မသင်ပေးဘူး။ ဘာကြောင့် သူ့ကိုဖိတ်ခေါ်တဲ့သူဟာ ကိုစိန်ယုံဖြစ်နေလည်းဆိုတာ စဉ်းစားလို့မရ ဖြစ်နေတယ်။

ကိုစိန်ယုံရဲ့ ပြုံးလိုက်တဲ့ မျက်နှာကြီးက သရက်သီးအရှည်ကြီးလိုဖြစ်နေတယ်။ ပါးစပ်ဟလိုက်တဲ့အခါမှာ ရွှေသွားနှစ်ချောင်း လက်သွားတာမြင်ရတယ်။

**" လာ--- ငါ့ဘေးမှာ ဒူးထောက်"**လို့ ပြောတယ်။

ကောင်လေးဟာ ဆင်ခြေကောင်းကောင်းပေးလိုက်တယ်။ **"ကျနော့်အဖေဟာ တခါမှ ဘုရားမရှိခိုးဘူး။"**လက္ခဏာဆရာ အပြုံးရပ်သွားတယ်။ စိတ်မကောင်းတဲ့ မျက်နှာ

မျိုးဖြစ်သွားတယ်။

**"မင်းအဖေ သေသွားတာ ကြာပြီဘဲကွာ။"** ကုလားလေးဟာ ကြမ်းပြင်ကို ငုံ့ကြည့်နေလိုက်တယ်။ ကိုစိန်ယုံ ငါ့အဖေအကြောင်းတကယ်သိလို့လား စိတ်ထဲမှာ စဉ်းစားနေမိတယ်။ ကိုစိန်ယုံဟာ ငါ့စိတ်တွေကို မြင်နေသလားလို့ သံသယဝင်မိတယ်။ ကိုစိန်ယုံက

**"အေး -- ငါမင်းအဖေကို တကယ်ခင်ပါတယ်။ "**ကောင်လေး အံ့သြသွားတယ်။ **ကျနော့်အဖေ ----** အံ့သြစွာ မေးခွန်းထုတ်လိုက်တယ်။

**" ငါတို့အရင်တုန်းက မင်းအဖေနှင့်အမြဲတမ်းလိုလို ဖဲရိုက်ဖြစ်ကြတယ်။ မင်းအဖေဟာ ဖဲရိုက်တော်တော်ကောင်းတယ်။ ဒါပေမဲ့ ပိုက်ဆံကြေးတော့ မဟုတ်ဘူး။ အလကားကြေး ရိုက်တဲ့အခါ သူအမြဲတမ်းလိုလိုနိုင်တယ်။ တခါတလေ ပိုက်ဆံကြေးရိုက်ရင် မင်းအဖေ အမြဲတမ်းရှုံးတယ်။ ဘယ်တော့မှမနိုင်ဘူး။ ဒါပေမဲ့ ဆေးလိပ်ကြေးရိုက်ရင် အမြဲတမ်းနိုင်တယ်။ မင်းအဖေ ဆေးလိပ်တွေ အများကြီးနိုင်တယ်။ မင်းငယ်ငယ်တုန်းက အိမ်ပြန်ချင်တယ် ပူဆာနေတဲ့အချိန်မှာ ငါတို့မင်းအဖေနှင့်အတူ လက်ဖက်ရည်ဆိုင်မှာ ဆေးလိပ်ကြေးဖဲရိုက်ကြတယ်။ မင်းက သိပ်ငယ်သေးတော့ မှတ်မိမယ်မထင်ဘူး။ မင်းက ပြန်ချင်တယ်၊ အိမ်ပြန်မယ်ဆိုပြီး ပူဆာနေတာ။"**

ကောင်လေး ခေါင်းငိုက်စိုက်ကျသွားတယ်။ သူ့အဖေအကြောင်း အားလုံးမမှတ်မိတော့ဘူး။ ကောင်လေးဘဝမှာ အဖေ့မျက်နှာတောင် ရေးရေးလေးဘဲမှတ်မိတော့တယ်။ အကျဉ်းထဲက မျက်နှာထားတွေဟာ မျက်နှာဟာ အမြဲတမ်းတင်းမာကြတယ်။ ထောင်ထဲမှာနေတဲ့လူတွေဟာ ထောင်ဆိုတဲ့မျက်နှာဖုံးကို စွပ်ထားကြတော့ အားလုံးအတူတူ မျက်နှာမျိုးတွေ ဖြစ်နေကြတယ်။ ကိုစိန်ယုံလည်း အတူတူဖြစ်တယ်။

ဒါပေမဲ့ မှတ်မိသေးတဲ့ အဖေ့အကြောင်းတွေရှိတယ်။ သူငယ်ငယ်တုန်းက ခေါက်ဆွဲဆိုင်ရှေ့ကို မိုးချုပ်တဲ့ညတညမှာ ဖြတ်လျှောက်ဖူးတယ်။ အဖေရဲ့ပုဆိုးကိုဆွဲပြီး ခေါက်ဆွဲစားခြင်လို့ ပူဆာဖူးတယ်။ နောက်ပြီး မီးရောင်ထိန်နေတဲ့ တိုက်အိမ်လေးထဲမှာ လူတွေဟာ အရက်သောက်၊ ဖဲရိုက်နေကြတာ မှတ်မိတယ်။ လူတွေဟာအော်ဟစ် ရယ်မောနေကြတယ်။ အဖေဟာ သိပ်ရယ်ရယ်မောမော မရှိဘူး။ ကောင်လေးစကားပြောတာကို စိတ်ဆိုးတဲ့လူကြီးတွေဟာ ကောင်လေးကို ဆူလိုက်တယ်။

**" မင်း သိပ်နားငြီးတယ်။ နောက်တခါစကားများရင် ထောင်ထဲမှာ ပိတ်ထားမယ် ကြားလား။ "**

**"ဟုတ်ကဲ့ ခင်ဗျာ"**လို့ အဆင့်နိမ့်တဲ့ စစ်သားအသံမျိုးနှင့် ပြောလိုက်တယ်။ ဖေဖေနှင့် သူဟာညကြီးမိုးချုပ်မှ အိမ်ကိုအတူတူပြန်ကြတယ်။

ကောင်လေးသတိရလာတာ တခုတော့ရှိတယ်။ ဖဲဝိုင်းထဲမှာ သူ့အဖေမှမပါတာ။

ကိုစိန်ယုံ လိမ်ပြောနေပြီဆိုတာ သိလာတယ်။ ကောင်လေးက ကိုစိန်ယုံလိမ်တာကို ဖော်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဒီတော့ ကောင်လေးက ကိုစိန်ယုံကို

**" ကျနော့်အဖေနှင့်အတူတူ ဖဲခဏခဏရိုက်ဖူးတယ်ဆိုတာ တကယ်လား။?"** လို့မေး လိုက်တယ်။ ကိုစိန်ယုံက **"တကယ်ပေါ့၊ ငါတို့မကြာခဏဖဲရိုက်ကြတယ်။"**

**"ဒါဆိုရင် ကျနော့်အဖေ နာမည်တော့ မှတ်မိမှာပေါ့နော်။ အမြဲ ဖဲအတူတူရိုက်ကြတယ်ဆိုတော့။"** ကိုစိန်ယုံ မျက်နှာအကြီးအကျယ် ပျက်သွားတယ်။ အံ့သြသွားလို့ ပါးစပ်ဟသွားတယ်။ **"ကျနော့်အဖေနာမည် တဆိတ်လောက် ပြောပြပါဦး။"**

သူဟာ ခေါင်းကိုလက် နှင့်ပုတ်လိုက်ပြီး--

**"ငါလည်း အသက်တွေကြီးလာလို့လား မသိဘူး။ မှတ်ဉာဏ်တွေ နည်းနည်းထိုင်း လာတယ်။ မင်းကချက်ချင်း မေးလိုက်တာ ငါလည်း ရုတ်တရက်ဆိုတော့ ဘာဖြေရမှန်းမသိ တော့ဘူး။"**

ကောင်လေး ကိုစိန်ယုံလိမ်တာကို တံတွေးနှင့်ထွေးလိုက်ချင်ပေမဲ့ ဘုရားရှေ့မှာဆိုတော့ မလုပ်ဖြစ်ပါဘူး။ ကိုစိန်ယုံဆီက မျက်နှာလွှဲလိုက်တယ်။ တကယ်လူကြီးတယောက်ပုံစံ မသတီစရာအပုတ်ကောင်၊ အသေကောင်ကို ကြည့်လို့ရွံရှာသလို မျက်နှာလွှဲလိုက်တယ်။ ဘုရားကို ဖူးလိုက်တယ်။ ဘုရားရဲ့မျက်နှာဟာ တခုခုကိုသိနေတဲ့အတိုင်းဘဲ ပြုံးနေတယ်။ ကိုစိန်ယုံဟာ နောက်ထပ်တမျိုးပြောင်းပြီး ကောင်လေးကို စည်းရုံးဖို့ကြိုးစားလိုက်တယ်။

**"ညီလေး လာကွာ။ မြတ်စွာဘုရားဟာ မင်းဘုရားရှိခိုးစာ မသိလည်း ခွင့်လွှတ်မှာပါ။ အေး ငါမင်းကို ဘုရားစာ သင်ပေးမယ်။ မပူနဲ့။ ဘုရားဟာ သိပ်သဘော ကောင်းတယ်။ မင်းအမေလည်း ဗုဒ္ဓဘာသာဝင်ဘဲ မဟုတ်လား။"**လာပြန်ပြီ နောက်တမျိုး။ ကောင်လေး ကိုစိန်ယုံကို နည်းနည်းမသက်ာ ဖြစ်လာတယ်။ ထောင်ကျတဲ့လူတွေ တော်တော်များက ကောင်လေးအမေလည်း ဗုဒ္ဓဘာသာဝင်ဆိုတာ သိထားတော့ ဒီစကားဟာ အံ့သြစရာမရှိပါ။

**"လာပါ ဘုရားအတူရှိခိုးကြစို့။ လာ ငါ့ဘေးကို။"** ကောင်လေးဟာ ကိုစိန်ယုံစကား ကိုမယုံတော့ပါ။ ကျနော် မအားတော့ဘူး။ နောက်မှ ဘုရားရှိခိုးတော့မယ်။ အခုကျနော် ပန်းကန်တွေ ပြန်ပေးရဦးမယ်။ နောက်ပြီး တခြားလုပ်စရာတွေ ရှိနေသေးတယ်။

ကိုစိန်ယုံက **"ဟာ ဟုတ်သားဘဲ၊ ဒါအရေးကြီးတာဘဲ။ မင်းက အခုတေးဆိုင်ရှက် တေဇကို ထမင်းထိုးနေတဲ့လူဘဲ။ ငါလည်း မင်းမတိုင်ခင်က တေဇကိုအမြဲ ထမင်း၊ဟင်း ပို့ပေးဘူးတယ်။ မင်းအလုပ်က အရေးကြီးပါတယ်။ ကောင်းပြီး ကြိုးစားလိုက်ဦး။"**

ကောင်လေးဟာ သူ့ကိုအခုလို နှိုင်းယှဉ်ပြီးပြောတာကို သိပ်ဘဝင်မကျဘူး။ ကိုစိန်ယုံက ဝတ္တရားအရ တေဇကိုလုပ်ပေးတာ။ ကောင်လေးဟာ ဝန်ထမ်းမဟုတ်ဘူး။

တေဇကို ရင်ထဲက ချစ်ခင်လို့ တေဇအတွက် အလုပ်လုပ်ပေးတဲ့လူ ဖြစ်တယ်။ စိတ်ထဲမှာ မခံမရပ်နိုင်သလို ဖြစ်လာရင်း ——

**“ကိုစိန်ယုံ ကျနော်အခု သူ့ကိုစားစရာသွားပို့နေတာ ဘာကြောင့်လည်း သိလား။ တေဇမှာ သွားတွေတချောင်းမှ မရှိတော့ဘူး။ အစာလည်း ဝါးစားလို့မရဘူး။ ခင်ဗျား ကြောင့်ဖြစ်တာ”**လို့ ပြောချလိုက်တော့ ကိုစိန်ယုံအပြုံးတွေ ပျောက်သွားပြီး မျက်နှာမဲပြီး ပျက်လာတယ်။ စိတ်ကိုလျှော့ချရင်း——

**“ကောင်လေး မင်းဘာပြောတာလည်း၊ ငါဘာမှ နားမလည်းဘူး။”** ကောင်လေးဟာ **“ ကိုစိန်ယုံ ခင်ဗျားဟာ နှစ်ကြီးသမား ထောင်ကျတယောက်ဘဲ။ ကျနော့်မတိုင်ခင် ခင်ဗျားတေဇကို ထမင်းပို့နေခဲတယ်လေ။”** ကောင်လေးစကားဟာ ပြတ်သားပြီး ကိုစိန်ယုံကို တိုက်ရိုက်ထိခိုက်စေတယ်။ ဓါးနှင့်ပါးပါးလှီးနေသလို စိန်ယုံခံစားသွားရတယ်။ ကောင်လေးဟာ မထူးတော့ဘူးပြောပြီးမှတော့ အပြတ်ပြောမယ် ဆုံးဖြတ်ပြီးတော့———

**“ဟုတ်တယ် ခင်ဗျားဟာ တေးဆိုငှက်ကို သစ္စာဖောက်တယ်။ မှတ်မိလား —— နောက်ပြီး ခင်ဗျားကြောင့် အဆောင် ၃က နိုင်ငံရေးအကျဉ်းသားတွေကို စစ်ခွေးလှောင်အိမ်ထဲကို ရောက်ကုန်ကြတယ်။ အဲတာတွေဟာ ခင်ဗျားလုပ်ခဲ့လို့ ခံစားသွားခဲ့ရဒုက္ခရောက်သွားကြတယ်။ လူတိုင်း ခင်ဗျားအကြောင်းသိတယ်။ ကျနော်တင်မကဘူး။ ထောင်ထဲမှာ ခင်ဗျားလုပ်ရပ်တွေ ကို လူတွေအားလုံးသိတယ်။ ”**

စကားအဆုံးထိ ရောက်သွားတယ်။ ကိုစိန်ယုံလည်း ရင်ဘတ်ကို တိုက်ရိုက်မှန်လာတဲ့အမှန်တရားစကားတွေကို နားထောင်ရင်း ကြောင်တောင်တောင်နှင့် အသက်ရှူဖို့မေ့သွားသလို ခံစားသွားတယ်။ စကားဆုံးတာနှင့် ကောင်လေးဟာ ရာဘာဖိနပ်သံ တဖျပ်ဖျပ်ပေးရင်း ——————————————

ကိုစိန်ယုံကို နောက်ကျောပေးထွက်ခွာလိုက်တယ်။

ဆက်လက်ဖော်ပြသွားပါမည်။

မောင်မောင်လတ် (ခ) Roland Hardy